

# ဆွဒကဟ်ဂျာရိယဟ်

## စဉ်ဆက်မပြတ်အကျိုးစဝါဗ်ရစေသောအလှူဒါန

ရှာဖွေတင်ပြသူ

စိုင်ယိဒ် မုဟမ္မဒ် စလင်းမ် (ခ) ဆရာမောင်မောင်
ကန်တော်ကလေး (ရန်ကုန်)

တည်းဖြတ်သူ


မော်လဝီ ဂါဇီ K.B စိုးလွင် (မဟ်မူဒီ)

စီစဉ်သူ

အလ်ဟာဂ်ျ ANS အလာအွဒ်ဒီးန် (ခ) ဦးကျော်ဝင်း

# ဆွဒကဟ်ဂျာရိယဟ်

## စဉ်ဆက်မပြတ်စဝါဗ်ကုသိုလ်ရစေသောအလှူဒါန



(ရှာဖွေတင်ပြသူ)


စိုင်ယိဒ်မုဟာမ္မဒ်စလီးမ်(ခ)ဆရာမောင်မောင်
ကန်တော်ကလေး၊ ရန်ကုန်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

# ဆွဒကဟ်ဂျာရိယဟ်

## စဉ်ဆက်မပြတ်စဝါဗ်ကုသိုလ်ရစေသောအလှူဒါန

'မပ်စ်ဂျိဒ်' ဗလီဝတ်ကျောင်းတော်သည် အလ္လာဟ် ﷻ ၏အိမ်တော်ဖြစ်သည်။

အလ္လာဟ် ﷻ ၏အိဗာဒသ်၊ ကိုးကွယ်မှုပြုရာ ဝတ်ကျောင်းတော်မြတ်ဖြစ်သည်။

အီမာန်ရှင်မုစ်လင်မ်များအဖို့လွန်စွာအရေးပါသောနမာဇ်အပါအဝင် သာသနာ့ကျင့်စဉ် ကျင့်ရပ်များဆောက်တည်ရာ၊ နေ့စဉ်ငါးကြိမ်၊ အပတ်စဉ်တစ်ကြိမ် စုပေါင်းဝတ်ပြုရာ မြင့်မြတ်လှသော သာသနာ့ အဆောက်အအုံ ဖြစ်သည်။ အလ္လာဟ် ﷻ နှစ်သက်တော်မူရာ ဗိမာန်တော်ဖြစ်သည်။

ကိုယာမသ်ချိန်ခါတွင် နေနှင့်လပေါင်းစပ်သွားမည်။ မိုးကောင်းကင်များ ပွင့်သွားမည်။ တောင်များသည် ဝါဂွမ်းပမာ လွင့်စင်သွားမည်။ သဲဖြစ်သွားမည်။ အစစအရာရာ သေကြေပျက်စီးသွားမည်။ သို့သော် 'မပ်စ်ဂျိဒ်' ဗလီဝတ်ကျောင်းတော်များသည် ပျက်စီးသွားမည်မဟုတ်။ ဂျန္နသ်ထဲသို့ရောက်ရှိသွားမည်။

'မပ်စ်ဂျိဒ်' ဗလီဝတ်ကျောင်းတော်၏ထူးကဲမြင့်မြတ်မှု၊ အလ္လာဟ်အိမ်တော်အတွက် လှူဒါန်းမှုတို့နှင့်စပ်လျဉ်းပြီး ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီစ်တော်များ၏လမ်းညွှန်ချက်နှင့်အစ္စလာမ်သာသနာ့အဆုံးအမများကို တင်ပြပါမည်။

*စိုင်ယိဒ်မုဟာမ္မဒ်စလီးမ်(ခ)ဆရာမောင်မောင်*

*ကန်တော်ကလေး၊ ရန်ကုန်။*

(၇)

# မွန်မြတ်လှသောကြွေးမြီ

مَنْ ذَا الَّذِىْ يُقْرِضُ اللّٰهَ قَرْضًا حَسَنًا فَيُضٰعِفَهٗ لَهٗٓ اَضْعَافًا

كَثِيْرَةً وَاللّٰهُ يَقْبِضُ وَيَبْصُۜطُ وَاِلَيْهِ تُرْجَعُوْنَ٥

အလ္လာဟ်အရှင်မြတ်အား မွန်မြတ်လှစွာသော ကြွေးမြီ ချေးငှားမည့်သူသည် မည်သူနည်း။ သို့ချေးငှားခြင်းအားဖြင့်အလ္လာဟ်အရှင်မြတ်သည် ယင်းကဲ့သို့ ချေးငှားခြင်း၏အကျိုးကို ထိုသူအဖို့ အဆပေါင်းမြောက်မြားစွာတိုးပွားစေတော်မူအံ့။ (တစ်ဖန် ယင်းကဲ့သို့ ကြွေးမြီချေးငှားသူတို့အဖို့ မှာလည်း 'မိမိတို့၏ဥစ္စာပစ္စည်းနည်းပါးသွားမည်ကို စိုးရိမ်မကောင်းမဖြစ်သင့်ချေ။) အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည်သာလျှင် (ဥစ္စာပစ္စည်းကို) ကျပ်တည်းစေတော်မူသည်။ ထိုအရှင်မြတ်သည်ပင်လျှင်(ဥစ္စာပစ္စည်းကို)ချောင်လည်စေ

တော်မူလေသည်။ တစ်ဖန် အသင်တို့သည် ထို အရှင်မြတ်အထံတော်သို့သာလျှင် ပြန်လှည့်ကြရ ပေမည်။'
*(ကုရ်အာန်၊ ၂ ÷ ၂၄၅)*

◆ အရာခပ်သိမ်းတို့သည် အမှန်အားဖြင့် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာဖြစ်သည်။ သို့ဖြစ်ပါလျက် အလှူထည့်ဝင်ခြင်းကို အလ္လာဟ်အရှင်မြတ်အား ကြွေးမြီချေးငှားခြင်းဟူ၍ မိန့်ဆိုထားခြင်းမှာ ကြွေးမြီချေးငှားသည့် အခါ မိမိချေးငှားသော ပစ္စည်း၏အစား မုချပြန်လည်ရရှိသကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ကြွေးမြီချေးငှားခြင်း၏ အစားကိုလည်း မုချပြန်လည်ရရှိမည်ကို သိစိမ့်သောငှာ တင်စားမိန့်ဆိုထားခြင်းဖြစ်သည်။ *(ထာနဝီ رحمة الله عليه သခင်)*

# မိမိနှစ်သက်သောဥစ္စာထဲမှလှူဒါန်းကြ

لَنْ تَنَالُوا الْبِرَّ حَتّٰى تُنْفِقُوْا مِمَّا تُحِبُّوْنَ ۝ وَمَا تُنْفِقُوْا مِنْ
شَيْءٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ۝

(အို–မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် မိမိတို့နှစ်သက်ကြကုန်သော ဥစ္စာပစ္စည်းများအနက်မှ လှူဒါန်းသုံးစွဲခြင်းမပြုသမျှ ကာလပတ်လုံးမြင့်မြတ်သော အကျင့်တရားအစစ်အမှန် (၏အကျိုးကျေးဇူး) ကို မည်သည့်နည်းနှင့်မျှ ရယူနိုင်ကြမည်မဟုတ်ပေ။ ၎င်းပြင်မည်သည့်အရာမဆို အသင်တို့လှူဒါန်းသုံးစွဲကြပါမူ အလ္လာဟ် အရှင်မြတ်သည် ထိုအရာကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။'

*(ကုရ်အာန်၊ ၃ း ၉၁)*

# လျှို့ဝှက်စွာလည်းလှူဒါန်းကြ ထင်ရှားစွာလည်းလှူဒါန်းကြ

قُلْ لِعِبَادِيَ الَّذِينَ آمَنُوا يُقِيمُوا الصَّلَاةَ وَيُنْفِقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً مِنْ قَبْلِ أَنْ يَأْتِيَ يَوْمٌ لَا بَيْعٌ فِيهِ وَلَا خِلَالٌ ۝

(အို–နဗီတမန်တော်) အသင်သည် သက်ဝင်ယုံကြည်ကြသော ငါအရှင်မြတ်၏ ကျွန်များအား ထိုသူတို့သည်ဆွလာတ်ဝတ်ပြုမှုကိုဆောက်တည်ကြရမည်။ ထို့ပြင် ငါအရှင်မြတ်က ထိုသူတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ အကြွင်နေ့မဆိုက်ရောက်မီ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း ပေးကမ်းလှူဒါန်းကြရမည်ဟု ပြောကြားပါလေ။ ထိုနေ့တွင် ကုန်သွယ်မှုသည်လည်း ရှိလိမ့်မည်မဟုတ်ပေ။ မိတ်ဖွဲ့ [illegible]နှီးကျွမ်းဝင်မှုဟူ၍လည်း

ရှိလိမ့်မည်မဟုတ်ပေ။ (ကုရ်အာန် ၁၄ း ၃၁)

◆ အလှူဒါနပြုရာတွင် အခြားသူများလည်း ရက်ရက်ရောရောလှူဒါန်းမှုပြုလိုစိတ်ဖြစ်လာဖို့အတွက် ပေါ်လွင်ထင်ရှားစွာ လှူဒါန်းခြင်း၊ ပြစားမှုစိတ်ဓာတ်မပေါ်ပေါက်စေဖို့အတွက် လျှို့ဝှက်စွာလှူဒါန်းခြင်း၊ ယင်းလှူဒါန်းမှုနှစ်ရပ်စလုံးတွင် အလ္လာဟ်အရှင်မြတ် နှစ်မြို့မှုရစေဖို့ စိတ်ရင်းစေတနာဖြူစင်ခြင်းမှာ အရေးပါလေသည်။

## အလှူဒါန၏ ကုသိုလ်အကျိုး

مَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِىْ سَبِيْلِ اللّٰهِ كَمَثَلِ
حَبَّةٍ اَنْۢبَتَتْ سَبْعَ سَنَابِلَ فِىْ كُلِّ سُنْۢبُلَةٍ مِّائَةُ حَبَّةٍ ؕ وَاللّٰهُ
يُضٰعِفُ لِمَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ۝

မိမိတို့၏ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ပေးကမ်းလှူဒါန်းသုံးစွဲ

သူတို့၏ အလှူဒါနများသည် အကြွင်မျိုးစေ့နှင့် အလားတူ၏။ ယင်းမျိုးစေ့သည် ကောက်နှံခုနစ်နှံကို ပေါက်ရောက်စေ၏။ ထိုကောက်နှံအသီးသီးတို့တွင် အစေ့ပေါင်းတစ်ရာစီပါရှိလေသည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူတို့အဖို့(ယင်းကဲ့သို့ပင်)ဆတက်ထမ်းပိုးတိုးပွားစေတော်မူလေသည်။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် ရက်ရောစွာ ပေးသနားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူလေသတည်း။ *(ကုရ်အာန် ၂ း ၂၆၁)*

◆ အလ္လာဟ်အရှင်မြတ်၏တရားလမ်းတော်၌ ပြုလုပ်သော အလှူဒါနများ၏ အကျိုးစဝါးပ်များကို ထိုအရှင်မြတ်သည် လှူဒါန်းသူ၏စိတ်စေတနာ အလျောက် အငယ်၊ အလတ်၊ အမြတ်အားဖြင့်

အချို့သူတို့အား ၁၀–ဆ၊ အချို့တို့အားအဆပေါင်း ၇၀၀တိုး၍ပေးသနားတော်မူသည်။

အချို့တို့ကိုမူ အတိုင်းအတာမရေမတွက်နိုင်အောင် ပေးသနားတော်မူသည်။

## လူသေသော်လည်းကုသိုလ်မသေ

အီမာန်ရှင်မုစ်လင်မ်အမျိုးသား၊အမျိုးသမီးတို့အနေဖြင့် ကွယ်လွန်သေဆုံးပြီးသည့်နောက်တွင်လည်း စဉ်ဆက်မပြတ် ကုသိုလ်စဝါးဗ်ရရှိနေမည့်'ဆွဒကဟ်ဂျာရိယဟ်'ကောင်းမှုကုသိုလ်လုပ်ရပ်များမှာ (၁) အိလ်မ်သာသနာ့အသိပညာရပ်များဆည်းပူးခြင်း။ (၂)ဆည်မြောင်းတာတမံတူးဖော်ခြင်း။ (၃)ရေတွင်းတူးဖော်ခြင်း။ (ရေတုံကင်တူးဖော်ခြင်း) (၄)(အရိပ်ရအပင်၊သစ်သီးဝလံအပင်စသည့်)သစ်ပင်စိုက်ပျိုးခြင်း။ (၅)စဂျ်ဒဟ်ဦးချရာမတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ဆောက်တည်ခြင်း။

(၆)ရှတ်ဖတ်ရန်အတွက်ကျမ်းတော်မြတ်ကုရ်အာန်ပေးလှူခြင်း။ (၇)မိခင်၊ ဖခင်ကွယ်လွန်သွားပြီးနောက် မဂ်ဖိရသ်ခွင့်လွှတ်ချမ်းသာရဖို့ ဆုမွန်ဒုအာတောင်းဆိုပေးသော သားကောင်းသမီးကောင်းရှိနေခြင်းများဖြစ်ကြောင်း ရစူလ်တမန်တော်ချုပ် ﷺ မိန့်တော်မူ၏’ ဟု ဟာဇရသ်အနပ်စ် ﷺ ဆင့်ပြန်လေသည်။

◆ မပ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ဆောက်တည်မှု၏ အကျိုးဆက်၊ အကျိုးစဝါဗ်သည် ထိုသူကွယ်လွန်ပြီးနောက်ပိုင်းတွင်လည်း စံစားနေရမည်ဖြစ်ကြောင်း တမန်တော်မြတ် ﷺ မိန့်တော်မူသည်။

*(ဟာဇရသ်အဗူဟုရိုင်ရဟ် ﷺ အိဗ်နမာဂျဟ်ကျမ်း)*

◆ ဒိရ်ဟမ်တစ်ပြားလှူဒါန်းခြင်းသည် ဒိရ်ဟမ်တစ်သိန်းထက်ပိုမိုတိုးမြှင့်သွားသည်။ *(ဗုခါရီကျမ်း)*

## အလ္လာဟ်အသနားတော်ကိုရယူကြ

وَاَطِيْعُوا اللّٰهَ وَالرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ ۝

ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ရစူလ်တမန်တော်၏ ဩဝါဒတော်များကိုလည်းကောင်း လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် သနားကြင်နာညှာတာတော်မူခြင်းကို ခံကြရလတ္တံ့။ *(ကုရ်အာန်၊ ၃ း ၁၃၂)*

## သူ့ထက်ငါသာအောင် ဂျန္နသ်သို့လျှင်မြန်စွာဝင်ကြ

وَسَارِعُوْٓا اِلٰى مَغْفِرَةٍ مِّنْ رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمٰوٰتُ وَالْاَرْضُ اُعِدَّتْ لِلْمُتَّقِيْنَ ۝

ထို့ပြင်အသင်တို့သည်မိမိတို့၏အရှင်မြတ်

အထံတော်မှဖြစ်သောအပြစ်မှချမ်းသာပေးသနားတော်မူရာသို့လည်းကောင်း၊ 'ဂျန္နသ်' သုခဘုံသို့လည်းကောင်း၊ သူ့ထက်ငါသာအောင် လျင်မြန်စွာပြေးလာကြကုန်လော့။ ထို 'ဂျန္နသ်' သုခဘုံ၏ အကျယ်အဝန်းကား မိုးကောင်းကင်များနှင့် ပထဝီမြေပြင် (တမျှ)ဖြစ်၏။ ထို 'ဂျန္နသ်' သုခဘုံသည် ဂိုနာဟ်မကောင်းမှုတို့မှ ကြဉ်ရှောင်ကြကုန်သော 'မွတ္တကီ' သူတော်စင်များအဖို့ အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသတည်း။ *(ကုရ်အာန် ၃း ၁၃၃)*

## ချမ်းသာလျှင်လည်းလှူဒါန်းကြ
## ဆင်းရဲလျှင်လည်းလှူဒါန်းကြ

اَلَّذِيْنَ يُنْفِقُوْنَ فِي السَّرَّآءِ وَالضَّرَّآءِ وَالْكٰظِمِيْنَ الْغَيْظَ وَالْعَافِيْنَ عَنِ النَّاسِ ۗ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ۝

ထိုသူတော်စင်များသည် စီးပွားတိုးတက်

ချောင်လည်စွာရှိသော အချိန်အခါများ၌လည်းကောင်း၊ ဆင်းရဲကျပ်တည်းမှု ရောက်ရှိသောအခါများ၌လည်းကောင်း (အချိန်အခါမရွေး) ပေးကမ်းလှူဒါန်းကြကုန်၏။ (ထိုသူတော်စင်များသည်) ပွဆ်ဆွဲဘွယ်အမျက်ကို ချုပ်တည်းမျိုသိပ်သောသူများလည်း ဖြစ်ကြကုန်၏။ လူသားတို့အားခွင့်လွှတ်သူများလည်း ဖြစ်ကြကုန်၏။ စင်စစ်အလ္လာဟ်အရှင်မြတ်သည် (ယင်းသို့) ကောင်းမှုပြုလုပ်သောသူများအား နှစ်သက်တော်မူချေသတည်း။ *(ကုရ်အာန် ၃ း ၁၃၄)*

◆ အလျှားသည် အနံထက်ကြီးသည်။ ဂျန္နတ်၏ အနံသည် မိုးနှင့်ကမ္ဘာကြီးတမျှဖြစ်ပေရာ ဂျန္နတ်၏အလျှားသည် အဘယ်မျှပိုမိုကြီးမားမည်ကို မခန့်မှန်းနိုင်ပေ။ *(ကရှ်ရှာဖ်၊ ဗိုင်ဇွာဝီ၊ မဟ်မူဒုလ်ဟာစန်)*

၁၄

## အဆောတလျှင်အလှူဒါနပြု

يَا أَيُّهَا الَّذِينَ آمَنُوا أَنفِقُوا مِمَّا رَزَقْنَاكُم مِّن قَبْلِ
أَن يَأْتِيَ يَوْمٌ لَّا بَيْعٌ فِيهِ وَلَا خُلَّةٌ وَلَا شَفَاعَةٌ

အို–မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ငါအရှင်မြတ်သည် အသင်တို့အား ပေးသနားတော်မူသော ဥစ္စာပစ္စည်းများအနက်မှ (အချို့ကို) ကိယာမသ်နေ့မရောက်မီပင် လှူဒါန်းပေးကမ်းကြကုန်လော့။ ထိုနေ့တွင် မည်သည့်ရောင်းဝယ်မှုမျှ ရှိမည်မဟုတ်။ မိတ်ဆွေဖြစ်မှုလည်း ရှိမည်မဟုတ်။ အသနားခံတောင်းပေးမှုလည်း ရှိမည်မဟုတ်။ *(ကုရ်အာန် ၂ း ၂၅၄)*

◆ ကောင်းမှုများ ကျင့်ဆောင်ရန် အချိန်သည် ဤပစ္စုပ္ပန်ဘဝပင်ဖြစ်သည်။ သို့ဖြစ်၍ နဗီတမန်တော်မြတ်က 'ဤပစ္စုပ္ပန်ဘဝသည်နောင်တမလွန်ဘဝ၏ စိုက်ပျိုးရာဌာနဖြစ်သည်' ဟု မိန့်တော်မူ

ထားသည်။ ဤပစ္စုပ္ပန်ဘဝတွင် ပွားများခဲ့သော ကောင်းမှုတို့၏အကျိုးကို နောင်တမလွန်ဘဝတွင် စံစားရမည်။ နောင်တမလွန်ဘဝသည် ကောင်းမှု ပွားများရာ ဌာနမဟုတ်။ နောင်တမလွန်ဘဝတွင် ကောင်းမှုအကျိုးစဝါးဗ် ဝယ်ယူနိုင်သည်လည်းမရှိ။ ကူညီနိုင်မည့်မိတ်ဆွေလည်းမရှိ။ အချိန်ရှိခိုက် လုံ့လစိုက်ပြီး မိမိတို့ရရှိထားသော ဘဝသက်တမ်း တွင် တတ်စွမ်းသမျှ ကောင်းမှုပွားများ ကြံရမည်။ အားတက်သရော ရက်ရက်ရောရော လှူဒါန်း ကြံရပါမည်။

## လှူဒါန်းခြင်းဖြင့်အပြစ်ကင်းစင်

خُذْ مِنْ اَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَتُزَكِّيهِمْ بِهَا وَ
صَلِّ عَلَيْهِمْ اِنَّ صَلٰوتَكَ سَكَنٌ لَّهُمْ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ○

(အို–နဗီတမန်တော်)၊ အသင်သည် ထိုသူ

တို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံယူလိုက်ပါ။ ယင်းသို့ (အလှူလက်ခံယူလိုက်ခြင်း) အားဖြင့် အသင်သည် ထိုသူများအား စင်ကြယ်သန့်ရှင်း အပြစ်ကင်းစေနိုင်မည်။ ထို့ပြင် အသင်သည် ၎င်းတို့အဖို့ ဆုမွန်တောင်းပါလေ။ အကြောင်း သော်ကား အသင်၏ ဆုမွန်တောင်းခြင်းသည် ၎င်းတို့အဖို့ ငြိမ်းအေးသက်သာ (နှစ်သိမ့်ကျေနပ်)မှုပင် ဖြစ်ချေသည်။ စင်စစ်အလ္လာဟ် အရှင်မြတ်သည် အလုံးစုံတို့ကို ကြားတော်မူ အရှင်၊ အရာခပ်သိမ်းတို့ကို သိရှိတော်မူသော အရှင်ဖြစ်တော်မူချေသည်။ *(ကုရ်အာန် ၉ း ၁၀၃)*

## 'မတ်စ်ဂျိဒ်"ဗလီဝတ်ကျောင်းတော်အား စည်ကားသိုက်မြိုက်စေသူတို့အတွက် အီမာန်၏သတင်းကောင်း

အဗူစအီးဒ်ခုဒ်ရီ ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ–

''အသင်တို့သည်ဗလီဝတ်ကျောင်းတော်အား စောင့်ရှောက်သောသူကိုတွေ့မြင်သောအခါ ထိုသူ၏အီမာန်နှင့် ပတ်သက်၍ အသင်တို့သက်သေပေးကြလေကုန်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်(ထိုသူတို့နှင့်ပတ်သက်၍) မိန့်တော်မူထားသည်မှာ–

إِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ
وَاَقَامَ الصَّلٰوةَ وَاٰتَى الزَّكٰوةَ وَلَمْ يَخْشَ اِلَّا اللّٰهَ

فَعَسٰٓى اُولٰٓئِكَ اَنْ يَّكُوْنُوْا مِنَ الْمُهْتَدِيْنَ۝

**အဓိပ္ပါယ်** ။ ။ ''အလ္လာဟ်'' အရှင်မြတ်၏ ဗလီကျောင်းတော်များကို အကြင်သူတို့သည်သာလျှင် စည်ကား သာယာအောင် ပြုနိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်ကြသည့်အပြင် ထိုသူတို့သည် စွဲမြဲစွာ 'ဆွလာသ်' ဝတ်ပြုခြင်းကိုလည်းကောင်း၊ 'ဇကားသ်' တရားဝင်ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်း ပြုကြကုန်သည်။ ထိုမှတစ်ပါး 'အလ္လာဟ်' အရှင်မြတ်အပြင်မည်သူတစ်ဦးတစ်ယောက်ကိုမျှကြောက်ရွံ့ကြသည်လည်းမရှိချေ။ သို့ဖြစ်ပေရာ ယင်းတို့သည်တရားလမ်းမှန်ရရှိကြမည်ဖြစ်သည်။''

(ကုရ်အာန်– ၉ း ၁၈)

## (၁၉)

# မပ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော် ဆောက်တည်မှုနှင့်အလှူဒါနအကျိုး

## ရစူလ်မြတ်တမန်တော်ချုပ် ﷺ ၏ ဩဝါဒတော်များ

အကြင်သူအနေဖြင့် အိဗာဒသ်ပြု ဦးချရာ ဖြစ်သော မပ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်ကို အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်မြို့တော်မူရန် အလို့ငှာ ဆောက်တည်လျှင် အလ္လာဟ် ﷻ က ထိုသူအဖို့ ကြီးကျယ်ထည်ဝါခမ်းနားသော ဗိမာန် တော်ကို ဂျန္နသ်သုခဘုံဥယျာဉ်နန်းတော်မြတ်တွင် ချီးမြှင့်တော်မူပေမည်။

*(အုစ်မာန် ؓ၊ အနပ်စ် ؓ၊ အဗူဟုရိုင်ရဟ် ؓ၊ ဗိုခါရီ မုစ်လင်မ်၊ သိရ်မိဇီ နှင့် အိဗ်နုမာဂျဟ်ကျမ်းများ)*

အလ္လာဟ်အရှင်မြတ်၏ အရိပ်အာဝါသမှ အပ

အခြားအရိပ်အာဝါသအလျဉ်းရှိမည်မဟုတ်သော 'ကိယာမသ်' နေ့တွင် ထိုအရှင်မြတ်သည် (၇)မျိုးသောသူတို့အား မိမိ၏အရိပ်အာဝါသအောက်တွင် ခိုလှုံခွင့်ပေးတော်မူမည်။ ယင်းတို့အနက်တစ်မျိုးမှာ 'ညာလက်ကလှူသည်ကို ဘယ်လက်က မသိသူဖြစ်သည်။' 'လျှို့ဝှက်စွာလှူဒါန်းသူဖြစ်သည်။' 'ဗလီဝတ်ကျောင်းတော်နှင့်သံယောဇဉ်တွယ်နေသူဖြစ်သည်။'

*(အဗူဟုရိုင်ရဟ် ؓ ၊ ဗိုခါရီကျမ်းနှင့်မွတ်စလင်မ်ကျမ်း)*

'မပ်စ်ဂျိဒ်' ဗလီဝတ်ကျောင်းတော် ဆောက်တည်မှု ပြုထားသော မြေအစိတ်အပိုင်းသည် အလ္လာဟ်ထံတော်ပါးတွင် အကောင်းမြတ်ဆုံးဖြစ်သည်။ *(အဗူဟုရိုင်ရဟ် ؓ ၊ မွတ်စလင်မ်ကျမ်း)*

အကြင်သူအနေဖြင့် အလ္လာဟ်အရှင်မြတ်၏ အိဗာဒသ်ပြုနိုင်ဖို့ရန် မိမိပိုင်ဟာလာလ်ဥစ္စာထဲမှ

သုံးစွဲလှူဒါန်းလိုက်ပါက အလ္လာဟ်အရှင်မြတ်ထံ တော်မှဂျန္နသ်တွင် ပုလဲ၊ ပတ္တမြားစီခြယ်ထားရာ နန်းတော်မြတ်ကို ရရှိစေမည်ဖြစ်ကြောင်း ဟဇရသ် အဗူဟုရိုင်ရယ် ﷺ က ဆင့်ပြန်ထားသည်။

📖 'မပ်စ်ဂျိဒ်' ဗလီဝတ်ကျောင်းတော်တွင်အမှိုက် သရိုက်ကင်းစင်စေဖို့ ဆောင်ရွက်ရာတွင် ပါဝင်သူ သည် 'ဂျန္နသ်' မှ 'ဟူရ်' ကညာပျိုတို့၏မဟာရ်ပေး ဆောင်လိုက်သူဖြစ်သည်။

*(အဗူကရ်ဆွာဖဟ် ﷺ ၊သွိဗ်ရာနီကျမ်း)*

📖 အလ္လာဟ်အိမ်တော်ကို စည်းကားသာယာ လာအောင်ဆောင်ရွက်သူသည် 'အဟ်လုလ္လာဟ်' အလ္လာဟ်အချစ်တော်တို့တွင် ပါဝင်သွားသည်။

*(အနပ်စ် ﷺ ၊သွိဗ်ရာနီကျမ်း)*

📖 မိမိ၏သန့်ပြန့်သော ဥစ္စာထဲမှ စွန်ပလွံသီး တစ်လုံးမျှ လှူဒါန်းပါက ယင်းအလှူဒါနကို

အလ္လာဟ်ﷻ လက်ခံတော်မူပြီး ယင်းအလှူဒါနကို တောင်တစ်လုံးမျှတိုးပွား စေတော်မူမည်။

*(အဗူဟုရိုင်ရဟ် ﷺ၊ ဗိုခါရီ နှင့် မုစ်လင်မ်ကျမ်း)*

📖 အလှူဒါနသည် အလ္လာဟ် ﷻ ၏ အမျက်ဒေါသကို ငြိမ်းအေးစေသည်။ ထို့ပြင်ဆိုးယုတ်သော သေခြင်းမှလုံခြုံမှုရစေသည်။

*(အနပ်စ် ﷺ၊ သိရ်မိဇီကျမ်း)*

📖 ဒိရ်ဟာမ်တစ်ပြားလှူဒါန်းခြင်းသည် ဒိရ်ဟာမ် တစ်သိန်းထက် ပိုမိုတိုးမြှင့်သွားသည်။

*(အဗူဟုရိုင်ရဟ်ﷺ၊ ဗိုခါရီကျမ်း။ မုစ်လင်မ်ကျမ်း)*

📖 အကြြင်သူသည် ဟလာလ်ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုထဲမှ အလ္လာဟ်လမ်းတော်ဝယ် အလှူဒါနပြု လိုက်ပါက ယင်းစီးပွားဥစ္စာထဲတွင် အလ္လာဟ် အရှင်မြတ်က ဗရ်ကသ်အဖြာဖြာ ချီးမြှင့်တော်

## ဗလီဝတ်ကျောင်းတော်တည်ဆောက်ခြင်း၏ ထူးခြားမှုနှင့်အကျိုးထူး

ဂျာဗိရ် ဗင်န် အဗ်ဒွလ္လာဟ် ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်မှာ–

'အကြင်သူသည် (ဗလီဆောက်ရာတွင်) ငှက်သိုက်အရွယ်ပင် (ပါဝင်)တည်ဆောက်ခဲ့ပါလျှင်သော်လည်းကောင်း(သို့)ဆောက်တည်မှုတွင် ထိုထက်ပင်သေးငယ်သော နေရာခန့်ပါဝင်ခဲ့ပါလျှင်သော်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံတွင် အိမ်တစ်လုံး တည်ဆောက်စေတော်မူလိမ့်မည်'

ကြည့် [အိဗ်နေမာဂျာဟ်ကျမ်း]

မှတ်ချက်။ ။ အထက်ပါဟာဒီးစ်တော်အရ တည်ဆောက်နေဆဲ ဗလီတွင် အလှူငွေပေးခြင်း

၏ အကျိုးကျေးဇူး မည်မျှရှိကြောင်းကိုလည်း သိရှိရပေ၏။ အဘယ်ကြောင့်ဆိုသော် 'ငှက်သိုက်အရွယ်' တည်ဆောက်ခြင်းဟူသောစကားရပ်၏ဆိုလိုရင်းမှာ – ဗလီတစ်ဆောင်လုံးအား မတည်ဆောက်နိုင်၍ ဗလီတည်ဆောက်ခြင်း၊ ဗလီတိုးချဲ့ခြင်း (သို့) ဗလီပြုပြင်မွမ်းမံရာတွင် အနည်းငယ်မျှ ပါဝင်ခြင်းပင်ဖြစ်၏။

ထို့နောက်အထက်ပါဟဒီးစ်တွင်ပါရှိသည့် ထိုတည်ဆောက်ခဲ့သည်နှင့်အမျှ ဂျန္နသ်သုခဘုံတွင် အိမ်တော်တစ်ခုရရှိမည်ဟု ဆိုလိုခြင်းမှာ – ဗလီတည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုတွင် ငှက်သိုက်ပမာ ပါဝင်လှူဒါန်းခဲ့ပါလျှင် ယင်းအတွက် ဂျန္နသ်ထဲတွင် ငှက်သိုက်အရွယ်ပမာ အိမ်တစ်လုံးတည်ဆောက်လေ၏ဟုဆိုလိုခြင်းလုံးဝမဟုတ်ပေ။

ထိုစကားလုံး၏ဆိုလိုရင်းမှာ– ထိုပေးလှူသူ

၏အိမ်လာဆွံ စိတ်စေတနာ ဖြူစင်သန့်ပြန့်သည်နှင့်အမျှ ဂျန္နသ်တွင် ကျယ်ဝန်းတင့်တယ်သော အိမ်ကို ရရှိမည်ဖြစ်၏။

**အဗ္ဒုလ္လာဟ်ဗင်န်အုမရ် رضي الله عنه သခင်ဆင့်ပြန်တော်မူခဲ့၏။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ–

‘‘အကြင်သူသည် အလ္လာဟ်အရှင်မြတ်အတွက်ဗလီတည်ဆောက်ခဲ့ပါလျှင်ထိုသူအတွက် ဂျန္နသ်သုခဘုံတွင် အိမ်တစ်လုံး တည် ဆောက်စေလိမ့်မည်ဖြစ်၏။ ထိုအိမ်သည် ထိုဗလီထက် အဆပေါင်းများစွာ ကျယ်ဝန်းပေလိမ့်မည်။’’

## ဗလီအဟောင်းအားပြန်လည် မွမ်းမံခြင်း၏ ထွတ်မြတ်မှု

အွတ်စ်မာန် رضي الله عنه သခင် ဆင့်ပြန်တော်မူခဲ့သည်။

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ –

'အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုရရှိရန် ရည်ရွယ်ချက်သက်သက်ဖြင့် ဗလီဝတ်ကျောင်းတော်အား ပြန်လည်မွမ်းမံခြင်းဖြစ်ပြီး အခြားမမှန်ကန်သော ရည်စူးချက် တစ်စုံတစ်ရာမပါရှိပါလျှင် အလ္လာဟ်အရှင်မြတ်သည်ထိုသူ့အတွက် ထိုကဲ့သို့ပင် ဂျန္နသ်သုခဘုံတွင် အိမ်တစ်လုံး တည်ဆောက်စေတော်မူလိမ့်မည်။'

အထူးသတိပြုရန် ။ ။ အထက်ပါ ဟဒီစ်တော် အရ ဗလီဝတ်ကျောင်းတော်အား တည်ဆောက်ရာ တွင်လည်းကောင်း၊ ပြန်လည်မွမ်းမံရာတွင် လည်းကောင်း၊ တိုးချဲ့ရာတွင်လည်း ကောင်းနီယသ် ရည်ရွယ်ချက်မှန်ကန်ရန် အရေးကြီးကြောင်း သတိပေးနေလေ၏။ ထို့အတူဗလီအသစ်တည်ဆောက်ခြင်းမဟုတ်ဘဲ ဗလီအဟောင်းအား ပြန်လည်မွမ်းမံခြင်း သို့မဟုတ် တိုးချဲ့ခြင်းဖြစ်ပါလျှင် ယင်းနှင့်ပတ်သက်၍လည်း ရရှိမည့်အကျိုးကျေးဇူးကိုလည်း ဖော်ပြနေခြင်းဖြစ်၏။

အဘာယ်ကြောင့်ဆိုသော်အွတ်စ်မာန်း ﷺ သခင်သည် 'မတ်စ်ဂျိဒေနဗဝီ' ဗလီဝတ်ကျောင်းတော်အား ပြန်လည်မွမ်းမံပြီးနောက် အထက်ပါ ဟဒီစ်တော်အား ဆင့်ပြန်ခဲ့ခြင်းဖြစ် ၏။ ထို့အတူ အခြားဟဒီစ်တော်များဖြင့် ပြန်လည်မွမ်းမံခြင်း

ဓါ်အကျိုးကျေးဇူးအား သိရှိရလေ၏။

(ဟယာသုလ်မွတ်စ်လိမ်ိနိကျမ်း)

## ဟလာလ်ဖြင့်ရှာဖွေထားသောဥစ္စာမှ ဗလီအားတည်ဆောက်/ တိုးချဲ့ ပြုပြင်မွမ်းမံခြင်း၏ထွက်မြတ်မှု

အဗူဟုရိုင်ရဟ် ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ–

'အကြင်သူသည် အိဗာဒသ် ပြုနိုင်ရန်အတွက် ဟလာလ်သမာအာဇီဝဖြင့် ရှာဖွေထားသောဥစ္စာမှ တစ်စုံတစ်ရာသော ဗလီအဆောက်အဦအား တည်ဆောက်ခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံတွင်


ပုလဲနှင့်ကျောက်သံပတ္တမြားဖြင့်ပြီးသော အိမ်အား တည်ဆောက်စေတော်မူလိမ့်မည်။

(သွိဗ်ရာနီကျမ်း)

မှတ်ချက် ။ ။ ဗလီဝတ်ကျောင်းတော်နှင့်ပတ်သက်၍ ဟလာလ်သန့်ပြန့်၍ သမာအာဇီဝဖြင့် ရှာဖွေရရှိထားသောဥစ္စာမှ အသုံးပြုပြီး ဟရာမ် မသန့်သောအရာများ မပါဝင်စေဖို့ သတိထားရန် အလွန်အရေးကြီးလှပေ၏။

◆ အကြင်သူသည်အနေဖြင့်အလ္လာဟ်အရှင်မြတ်၏ အိဗာဒသ်ပြုနိုင်ဖို့ရန် မိမိပိုင်ဟလာလ်ဥစ္စာထဲမှ သုံးစွဲ လှူဒါန်းလိုက်ပါက အလ္လာဟ်အရှင်မြတ်ထံတော်မှ ဂျန္နသ်တွင် ပုလဲ၊ ပတ္တမြားစီခြယ်ထားသည့် နန်းတော်မြတ်ကို ရရှိစေမည်ဖြစ်ကြောင်း ဟဇရသ် အဗူဟုရိုင်ရဟ် رضي الله عنه သခင်က ဆင့်ပြန်ထားသည်။

(သွိဗ်ရာနီကျမ်း)



ဗလီဝတ်ကျောင်းတော်အသစ်
ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊
ပြုပြင်မွမ်းမံခြင်းစသည့် လိုအပ်
ချက်ပေါ်ပေါက်မှုအရပ်ရပ်နှင့်
စပ်လျဉ်းပြီး အကျိုးစဝါးဝ်အပြည့်
အဝ ရရှိမည်ဖြစ်၍ ရက်ရက်
ရောရော ပါဝင်လှူဒါန်းကြပါစို့။

မပ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်
ဆောက်တည်မှု၏ အကျိုးဆက်၊
အကျိုးစဝါဗ်သည်
ထိုသူကွယ်လွန်ပြီး
နောက်ပိုင်းတွင်လည်း
စံစားနေရမည်ဖြစ်ကြောင်း
တမန်တော်မြတ် ﷺ
မိန့်ကြားတော်မူခဲ့သည်။

(အိဗ်နမာဂျဟ်ကျမ်း)

ဒီဇိုင်း - နှင်းစိုးမိုး